
ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယွီ)
(စာစဉ်–၃၇)
Translator - Sunlight Team

# ငါမှာ ဆတိုးစနစ်ရှိတယ် (စာစဉ်-၃၇)

## အခန်း။ ၃၆၉

*

ဂိုဏ်း၏ အရှေ့ဘက်နယ်နိမိတ်ရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်တွင် ခန့်ညားထည်ဝါသော အမျိုးသားတစ်ဦးသည် တရားထိုင်နေသည့် ဟန်ပန်ဖြင့် ငြိမ်သက်စွာ ရှိနေသည်။ သူ၏ ပတ်ဝန်းကျင်၌ စွမ်းအင်များမှာ ဝဲဂယက်သဏ္ဌာန် လှည့်ပတ်နေပြီး စက္ကန့်အနည်းငယ်ကြာတိုင်း သူ အသက်ပြင်းပြင်း ရှူထုတ်လိုက်သည့်အခါ ရွှေရောင်စွမ်းအင်များမှာ လေထုထဲတွင် တဖျတ်ဖျတ် တောက်ပသွားပြီးမှ ပျောက်ကွယ်သွားကြသည်။

သူ ကျင့်ကြံနေစဉ်မှာပင် လူတစ်ယောက်သည် သူ၏နောက်ကျောဘက်သို့ အသံမထွက်ဘဲ သာသာယာယာ ဆင်းသက်လိုက်သည်။ ထိုအမျိုးသားမှာ မျက်လုံးများကို ဖြည်းညှင်းစွာ ဖွင့်လိုက်သော်လည်း လှည့်မကြည့်ပေ။

"မင်း ရောက်လာပြီပဲ"

သူက တည်ငြိမ်စွာ ပြောလိုက်သည်။

"ကျွန်တော် လာမယ်ဆိုတာ ခင်ဗျာ သိနေတာလား"

လျို့ဖုန်းက အံ့အားသင့်စွာ မေးလိုက်သည်။

ချင်းလုံက အားရပါးရ ပြုံးလိုက်ရင်း သူ့ဘက်သို့ လှည့်ကြည့်ကာ "သိတာ

ပေါ့... ငါနဲ့ မင်းက တစ်မျိုးတည်းသားတွေပဲ မဟုတ်လား" ဟု ယုံကြည်ချက်အပြည့်ဖြင့် ပြန်ပြောလိုက်သည်။

လိုဖုန်းကလည်း ပြန်လည်ပြုံးပြရင်း "ကျွန်တော် နဂါးသွေးမျိုးဆက် ရှိတဲ့သူတွေကို အများကြီး မြင်ဖူးပါတယ်။ ဒါပေမဲ့ ခင်ဗျားနဲ့ ယှဉ်ရင်တော့ ဘာမှမဟုတ်ကြပါဘူး" ဟု ပြောလိုက်ရာ သူ၏ ခန္ဓာကိုယ်ပတ်ပတ်လည်တွင်လည်း ဝိညာဉ်စွမ်းအင်များ စတင်စုဝေးလာတော့သည်။

"ငါနဲ့ ဘယ်သူမှ ယှဉ်လို့မရတာ မဆန်းပါဘူး။ ငါက င့ါသခင်ရဲ့ ဖန်တီးမှုပဲလေ"

ချင်းလုံက ဂုဏ်ယူစွာ ပြောလိုက်သည်။

"သခင်"

လိုဖုန်း ခဏမျှ ကြောင်သွားမိသည်။ ဤမျှ အစွမ်းထက်သော သွေးမျိုးဆက် အရှိန်အဝါရှိသည့် နဂါးတစ်ဦးက တစ်စုံတစ်ယောက်ကို သခင်ဟု ဝန်ခံလိမ့်မည်ဟု သူ မမျှော်လင့်ထားခဲ့ပေ။ ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပြီး သူ၏မျက်လုံးများမှာ နားလည်မှုများဖြင့် တောက်ပသွားတော့သည်။

"မသေမျိုးကို ပြောတာလား"

သူက မေးလိုက်သည်။

"မသေမျိုး ဟုတ်လား။ င့ါသခင်ကို အဲဒီလို ရိုးရှင်းတဲ့ စကားလုံးမျိုးနဲ့ ဘယ်လိုလုပ် ဖော်ပြလို့ရမှာလဲ။ အပြင်က မသေမျိုးတိုင်းက င့ါသခင်နဲ့ အဆင့်အတန်း တူတယ်လို့ မင်း ပြောချင်တာလား"

ချင်းလုံက မကျေမနပ် ဖြစ်သွားကာ ပြန်မေးလိုက်သည်။

"အာ... ကျွန်တော် စကားမှားသွားပါတယ်။ တောင်းပန်ပါတယ်"

လျှိုဖုန်းက အလျှင်အမြန် ပြန်ပြောလိုက်ရင်း "သြော်… သူ ဖြစ်နေတာကိုး" ဟုလည်း တွေးလိုက်မိသည်။

"ဟွန်း…"

ချင်းလုံက စိတ်အနှောင့်အယှက်ဖြစ်ဟန်ဖြင့် နှာခေါင်းရှုံ့လိုက်တော့သည်။

"ကဲ… စလိုက်ကြရအောင်"

ချင်းလုံက ပြောလိုက်ပြီးနောက် တိုက်ပွဲဝင် အနေအထားသို့ ပြောင်းလဲလိုက်သည်။ သူ၏ အရှိန်အဝါများမှာ ခန္ဓာကိုယ်ပတ်လည်တွင် မီးလျှံများအလား ဟုန်းဟုန်းတောက်လောင်လာတော့သည်။

လျှိုဖုန်းက သူ့ကို ကြည့်ပြီး တိုက်ပွဲဝင် အနေအထားသို့ လိုက်ပါပြင်ဆင်လိုက်သည်။

"တကယ့်ကို အစွမ်းထက်တဲ့ အရှိန်အဝါပဲ"

လျှိုဖုန်းက တွေးလိုက်မိသည်။ ၎င်းမှာ ဝိညာဉ်စွမ်းအား သက်သက်မဟုတ်ဘဲ သွေးမျိုးဆက် စွမ်းအားနှင့်ပါ ရောယှက်နေခြင်း ဖြစ်သည်။ လျှိုဖုန်း၏ သွေးမျိုးဆက်မှာ အဆင့်မြင့်သွေးအဆင့်မှာသာ ရှိပြီး ပြိုင်ဘက်မှာ သန့်စင်သောသွေးအဆင့်ဖြစ်သော်လည်း သူ၏ မသေမျိုးကျင့်စဉ်ကြောင့် သွေးမျိုးဆက် ဖိနှိပ်မှုကိုတော့ ရှောင်လွှဲနိုင်ပေလိမ့်မည်။ သို့သော်လည်း ထိုဖိနှိပ်မှုမရှိလျှင်ပင် သန့်စင်သော သွေးမျိုးဆက်၏ အနှစ်သာရမှာ မယုံနိုင်လောက်အောင်ပင် ပြင်းထန်လှသည်။

ထို့ပြင် ချင်းလုံထံမှ အခြားသော ခံစားချက်တစ်ခုကိုလည်း သူ ရရှိနေသည်။

ဤသည်မှာ သာမန်နဂါးတစ်ကောင် မဟုတ်ကြောင်း သူ သိမြင်လိုက်သည်။ သန့်စင်သော သွေးမျိုးဆက်များထဲတွင်ပင် ချင်းလုံ၏ သွေးမျိုးဆက်

အနှစ်သာရမှာ အစွမ်းထက်ဆုံးထဲမှ တစ်ခု ဖြစ်ပေလိမ့်မည်။

"ဒါကတော့ တကယ့်ကို စိတ်ဝင်စားဖို့ ကောင်းတော့မှာပဲ"

လျိုဖုန်းက တွေးလိုက်ရင်း သူ၏ အရှိန်အဝါများကိုပါ ထုတ်ဖော်လိုက်သည်။

သို့သော် ရုတ်တရက် အသံတစ်သံကို သူတို့ ကြားလိုက်ရသည်။

"မင်းတို့ ဘာတွေလုပ်နေကြတာလဲ"

လျိုဖုန်းက အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

"လီမေ မင်း ဘာလို့ ဒီကို ရောက်နေတာလဲ"

သူက မေးလိုက်သည်။

"ဘာလဲ... ငါ ဒီကို လာလို့မရဘူးလား"

သူမက ပြန်လည် ချေပလိုက်သည်။ ထို့နောက် အကြည့်ကို လွှဲလိုက်ပြီး "ငါက မင်းနောက်ကို လိုက်နေတာမျိုး မဟုတ်ပါဘူးနော်။ မင်း အမူအရာက တစ်မျိုးဖြစ်နေတာကို မြင်လို့... ငါက..." သူမ စကားကို ရုတ်တရက် ရပ်လိုက်ပြီး လျိုဖုန်းကို ဒေါသတကြီး ကြည့်လိုက်ပြန်သည်။

"ငါ ဘာလုပ်မိလို့လဲ"

လျိုဖုန်းက သူမ၏ အကြည့်ကို မြင်ပြီး တွေးနေမိသည်။ လီမိသားစုမှ မိန်းကလေးများအားလုံးမှာ တကယ့်ကို ရှုးကြောင်ကြောင်နိုင်လှသည်ဟု သူ မှတ်ချက်ချလိုက်မိသည်။

"ဟွန်း..."

သူမက ကျယ်လောင်စွာ နှာခေါင်းရှုံ့လိုက်ပြီးမှ ဆက်ပြောသည်။

"ငါ လာတာက မင်းကို သတိပေးဖို့ပဲ။ ဘာမှ ထူးထူးဆန်းဆန်းတွေ

လျှောက်မလုပ်နဲ့။ ဒါ ငါ့ဝမ်းကွဲညီမရဲ့ မင်္ဂလာပွဲပဲ။ မင်း တစ်ခုခု ဖျက်ဆီးလိုက်လို့ သူမ စိတ်မကွက်စေနဲ့"

ထိုစကားကို ကြားလိုက်ရသည့်အခါ လျိုဖုန်း တောင့်ခဲသွားတော့သည်။

ထို့နောက် သူ၏ စိတ်ကူးထဲတွင် မြင်ကွင်းတစ်ခု ပေါ်လာသည်။ သူ၏ ဂိုဏ်းတစ်ခုလုံး မီးတောက်များအတွင်း ပျက်စီးနေပြီး လီယောင်းက ရူးသွပ်သော မျက်နှာအမူအရာဖြင့် "မင်း ငါ့မင်္ဂလာပွဲကို ဖျက်ဆီးခဲ့တာဆိုတော့... မင်းရဲ့ ဂိုဏ်းတစ်ခုလုံးကို ငါ သတ်ပစ်တာက တရားပါတယ် မဟုတ်လား" ဟု မေးနေသည့် မြင်ကွင်းပင်။

လျိုဖုန်းသည် သူ၏ခေါင်းကို အသည်းအသန် ခါယမ်းလိုက်သည်။ ထိုကဲ့သို့သော အဖြစ်ဆိုးမျိုးကို သူ လုံးဝ အဖြစ်မခံနိုင်ပေ။

"ငါ ဘာတွေ တွေးနေမိတာလဲ"

ကိုယ့်ကိုယ်ကိုယ် ပြန်လည် ဆန်းစစ်လိုက်မိသည်။

သူ၏ ဝိညာဉ်အရှိန်အဝါများမှာ ချက်ချင်းပင် ငြိမ်ကျသွားပြီး ချင်းလုံကို ကြည့်ကာ အနေရခက်စွာဖြင့် ခေါင်းကုတ်လိုက်သည်။

"နောက်တစ်ခေါက်မှပဲ တိုက်ကြတာပေါ့"

သူတို့နှစ်ဦးစလုံးက တစ်ပြိုင်နက်တည်း ပြောထွက်လာကြသည်။

ချင်းလုံမှာလည်း ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကုတ်နေမိသည်။ သူသည် အတော်လေး ပေါ့လျော့သွားမိသည်ဟု တွေးလိုက်သည်။ ဤသည်မှာ သူ့သခင်၏ မင်္ဂလာပွဲဖြစ်ရာ ဤကဲ့သို့ ပြုမူရန် မသင့်တော်ပေ။ နဂါးတစ်ကောင်၏ ပင်ကိုယ်အသိစိတ်များက သူ့ကို တိုက်ပွဲဆင်နွှဲရန် တိုက်တွန်းနေပြီး အခြားနဂါးတစ်ကောင်ကို မြင်လိုက်ရသည့်အခါ သူ မထိန်းချုပ်နိုင်ခဲ့ခြင်းပင်။

...

တစ်ဖက်တွင်မူ ကျူးချယ်မှာ အလွန်ပြင်းထန်လှသော ဝိညာဉ်ဖိအားကြောင့် မြေပြင်ပေါ်သို့ ဝပ်စင်းနေရဆဲပင်။

သူမသည် အစွမ်းကုန် ရုန်းကန်ရင်း သူမ၏ရှေ့တွင်ရှိသော လီယောင်းကို မြင်နိုင်ရန် မျက်လုံးကို ခဲရာခဲဆစ် မော့ကြည့်လိုက်ရသည်။

"ဒါ... ဒါက သခင်မလေးလား"

သူမ တွေးနေမိသည်။

သူမ၏ အရှိန်အဝါမှာ သခင်ကြီးနှင့် အတော်လေး ဆင်တူလှသည်။

မဟုတ်သေး... သခင်ကြီး၏ အရှိန်အဝါက ပို၍ပြင်းထန်သော်လည်း ယခုခံစားနေရသော ဖိအားမှာမူ ပို၍ပင် ကြောက်စရာကောင်းနေသည်။ သူမလူသားအသွင်ဖြင့် ရှိနေပါက သေဆုံးနိုင်ခြေ ၉၉ ရာခိုင်နှုန်းကျော် ရှိလိမ့်မည်ဟု သခင်ကြီး သတိပေးခဲ့ခြင်း၏ အဓိပ္ပာယ်ကို သူမ ယခုမှ ကောင်းကောင်းသဘောပေါက်သွားတော့သည်။

"သခင်မလေး... ကျေးဇူးပြုပြီး နားထောင်ပေးပါဦး"

သူမက စတင်ပြောလိုက်သည်။

ထိုစကားလုံးများ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် သူမကို ဖိနှိပ်ထားသော ပြင်းထန်သည့် ဖိအားမှာ သိသိသာသာ လျော့ပါးသွားတော့သည်။

"ဘာ... ဘယ်က သခင်မလေးလဲ။ အဲဒီလို ထူးထူးဆန်းဆန်းတွေ လျှောက်မပြောနဲ့"

လီယောင်းက တုန်ရီနေသော လေသံဖြင့် ပြန်ပြောလိုက်သည်။

"သခင်ကြီးရဲ့ ဇနီးသည်က သခင်မလေးပဲ မဟုတ်လား"

ကျူးချယ်က ရှင်းပြလိုက်သည်။

ယခုအခါ ဖိအားမှာ လုံးဝနီးပါး ကွယ်ပျောက်သွားခဲ့ပြီ ဖြစ်သည်။ လီယောင်းမှာမူ မျက်နှာတစ်ခုလုံး နီမြန်းနေပြီး သူမ၏ ဆံနွယ်များကို လက်ချောင်းများဖြင့် လိမ်ကျစ်ကစားရင်း "အင်း... ပြောရရင်တော့ ငါက အခုထိ သူ့ဇနီး မဟုတ်သေးပါဘူး" ဟု တိုးတိုးလေး ပြောလိုက်သည်။

"သခင်ကြီးက ကျွန်မကို သခင်မလေးကို လာကြိုခိုင်းတဲ့အချိန်မှာ ဇနီးသည်လို့ပဲ သုံးနှုန်းခဲ့တာပါ"

ကျူးချွယ်က ထပ်လောင်းပြောလိုက်သည်။

"တော်တော့... တော်တော့"

လီယောင်းက သူမ၏မျက်နှာတစ်ခုလုံး နီရဲနေလျက် လှမ်းတားလိုက်သည်။

သူမသည် တစ်ခဏချင်းမှာပင် ကျူးချွယ်၏ဘေးသို့ ရောက်ရှိသွားပြီး သူမကို မြေပြင်မှ ထူပေးလိုက်သည်။

"မင်းက လူဆိုးတစ်ယောက်မဟုတ်ဘူးဆိုတာ ငါကတော့ အစကတည်းက သိနေတာပါ"

လီယောင်းက ကျူးချွယ်၏ ပုခုံးကို ပုတ်ရင်း ပြောလိုက်သည်။

"တကယ်ကြီးလား။ လွန်ခဲ့တဲ့ စက္ကန့်ပိုင်းလေးတင်ကပဲ ကျွန်မကို ရန်သူတော်ကြီးလို ကြည့်နေခဲ့တာ မဟုတ်ဘူးလား"

ကျူးချွယ်က စိတ်ထဲက ကြိတ်တွေးလိုက်သော်လည်း အပြင်ထုတ်မပြောရဲပေ။ အဘယ်ကြောင့်ဆိုသော် သူမ၏သခင်မှာ သူ၏လက်အောက်ငယ်သား တစ်ဦးကို ဤမျှစောစောစီးစီး ဆုံးရှုံးသွားရခြင်းမျိုး မဖြစ်သင့်၍ပင်။

"တကယ်ကြီးလား"

သူမက ချီးကျူးမှုကို သဘောကျဟန်ဖြင့် ဟန်ဆောင်ကာ ပြန်မေးလိုက်

သည်။

"တကယ်ပါ။ ငါ့ကို ယုံလို့ရပါတယ်"

လီယောင်းက သူမ၏ရင်ဘတ်ပေါ် လက်တင်ရင်း ရိုးသားလှပါသည် ဟူသော အမူအရာဖြင့် ပြောလိုက်သည်။

ထို့နောက် လီယောင်းက မျက်နှာကို ပြန်လည်တည်ကြည်အောင် ပြောင်းလဲလိုက်ပြီး ကျူးချယ်၏ ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ဒါပေမဲ့ ငါမကြိုက်တဲ့ အချက်တစ်ခုတော့ ရှိတယ်။ မင်း ဒါကို နားလည် ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

လီယောင်းက ပြတ်သားစွာ ပြောလိုက်သည်။

ကျူးချယ်မှာ ဘာများမှားသွားပြန်ပြီလဲဟု တွေးတောနေမိသည်။ လီယောင်း၏ မျက်နှာအမူအရာ ပြောင်းလဲမှုမှာ အလွန်ပင် မြန်ဆန်လှသည်။

"ကျေးဇူးပြုပြီး ပြောပြပေးပါ။ သခင်မလေး အလိုရှိတဲ့အတိုင်း ကျူးချယ် လုပ်ဆောင်ပါ့မယ်"

သူမက ရိုသေသေဖြင့် ပြန်ပြောလိုက်သည်။

လီယောင်းသည် တစ်စုံတစ်ယောက်က နားထောင်နေသလားဆိုသည်ကို စိုးရိမ်တကြီးဖြင့် ဝေ့ဝဲကြည့်လိုက်သည်။ သူမ၏ဒေါ်လေး စောင့်ကြည့်နေသည်ကို မြင်လိုက်ရသည့်အခါ ရှက်သွေးဖြာသွားသည်။ ထို့နောက် သူမက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"မင်း ငါ့ခင်ပွန်းကို ခေါ်တဲ့အခါ တခြားပုံစံတစ်မျိုးနဲ့ ခေါ်သင့်တယ်"

ဤစကားကြောင့် ကျူးချယ်ရော အကြီးအကဲဟွမ်ပါ နားမလည်နိုင်သော မျက်နှာများ ဖြစ်သွားကြသည်။

"ဟိုလေ… မင်းက သူ့ကို သခင်လို့ခေါ်နေပြီး… ငါကလည်း တစ်ခါတလေ

ကျရင် သူ့ကို အဲဒီလို ခေါ်မိတဲ့အခါမျိုးမှာ... ရှုပ်ထွေးသွားမှာ စိုးလို့ပါ"

လီယောင်းက မျက်နှာတစ်ခုလုံး နီမြန်းလျက် ပြောလိုက်သည်။

"သခင်မလေးက သူ့ကို အဲဒီလို ခေါ်တတ်လို့လား"

ကျူးချွယ်က နားမလည်စွာ မေးလိုက်သည်။ သို့သော် ရုတ်တရက် တစ်စုံတစ်ခုကို သဘောပေါက်သွားပြီး သူမကိုယ်တိုင်လည်း ရှက်ကိုးရှက်ကန်း ဖြစ်သွားတော့သည်။ "နားလည်ပါပြီ။ ဒါဆိုရင် နောက်ကို မူလဘိုးဘေးလို့ပဲ သုံးနှုန်းပါတော့မယ်"

အကြီးအကဲဟွမ်က ဘေးမှကြည့်ရင်း သူမကိုယ်တိုင်လည်း ရှက်သွေးဖြာနေမိသည်။

"ဒီကလေးတွေကတော့ တကယ့်ကို ကစားတတ်ကြတာပဲ။ ငါတို့လည်း တစ်ခါတလေကျရင်..."

သူမဘာသာ ရေရွတ်နေမိသည်။

***